# နဝမမြောက် ရွှေစင်တိပိဋကာဓရ ဆရာတော်
# ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း



နဝမမြောက် ရွှေစင် တိပိဋကဓရ တိပိဋကကောဝိဒ
မြင်းခြံဆရာတော်

# ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ ၏

## ထေရုပ္ပတ္တိအကျဉ်းချုပ်

- - - - - - - - -

### ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

ဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရသည် မန္တလေးတိုင်း ၊ မြင်းခြံမြို့နယ် ၊ လေးအိမ်တန်းကျေးရွာအုပ်စု ၊ ကျောင်းကုန်းရွာ ခမည်းတော် ဦးထင်ပေါ် မယ်တော် ဒေါ်ပွားတို့က ၁၃၂၉ ခုနှစ် ၊ တပေါင်းလဆန်း(၆)ရက် တနင်္လာနေ့တွင်ဖွားမြင်သော သားရတနာဖြစ်ပါသည် ။

### ပဗ္ဗဇ္ဇမင်္ဂလာ

ဆရာတော်သည် ၁၃၃၈ခုနှစ် ၊ တပေါင်းလဆန်း(၈)ရက် သောကြာနေ့တွင် မန္တလေးတိုင်း မြင်းခြံမြို့နယ် ၊ကျောင်းကုန်းရွာ ရွှေညောင်ပင်ကျောင်း ဆရာတော်ဘဒ္ဒန္တသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ ပါသည် ။

### ဥပသမ္ပဒမင်္ဂလာ

ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရသည် ၁၃၄၉ -ခု နှစ် ၊ ဝါဆိုလဆန်း(၇)ရက် နေ့တွင် မုံရွာမြို့ ၊ အောင်ချမ်းသာရပ် ၊သဒ္ဓမ္မပဇ္ဇောတာရုံဆရာတော် ဘဒ္ဒန္တ နာဂဝံသကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့ ၊ လမ်း ၈၀ ၊ ၃၄ လမ်း ၃၅ လမ်းကြား အမှတ် ၂၈၉ နေ ဒေါ်စိန် သမီး မစန်းရီမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မန္တလေးမြို့ ၊ မှန်ကင်း ပဇ္ဇောတာရုံ ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်း အဖြစ်သို့ရောက်ရှိခဲ့ပါသည် ။

### ကျေးဇူးရှင်ဆရာတော်ကြီးများ

ကျေးဇူးရှင် ဆရာတော်ကြီးများမှာ မြင်းခြံမြို့နယ်၊ လေးအိမ်တန်းအုပ်စု၊ ကျောင်းကုန်းရွာ ရွှေညောင်ပင်ကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရနှင့် ဘဒ္ဒန္တဝိသုဒ္ဓ၊ ရေစကြိုမြို့နယ် မဲကုန်းရွာ ညောင်ပင်ကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တရ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း တိုက် ဆရာတော် နှင့် စာချဆရာတော်များ ၊ မုံရွာမြို့ ပဇ္ဇောတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ နာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ) နှင့် စာချဆရာတော်များ၊ ဆားလင်း ကြီးမြို့နယ်၊ ဝဲတန်းရွာ သဒ္ဓမ္မ ဇောတိ ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရ၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးနှင့် နာယက ဆရာ တော်များ၊ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋံသကာ၊သိရောမဏိ၊ ဘီအေ စာပေပါရဂူ) ဆရာတော်တို့ဖြစ်ကြပါသည်။

### အမြင့်ဆုံးအောင်မြင်ခဲ့သော စာပေးပွဲများ။

မန္တလေးမြို့ ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့, သာသနဓဇ ဓမ္မာစရိယဘွဲ့, ဝိနယဓရဘွဲ့, ဝိနယကောဝိဒဘွဲ့,၊ ဒီဃဘာဏကဘွဲ့, ဒီဃနိကာယကောဝိဒဘွဲ့၊ အဘိဓမ္မိကဘွဲ့, အဘိဓမ္မကောဝိဒဘွဲ့,၊ တိပိဋကဓရဘွဲ့,၊ တိပိဋက ကောဝိဒဘွဲ့ တံဆိပ်တော်နှင့် အောင်လက်မှတ်တော်တို့ကို ခံယူရရှိတော်မူခဲ့ပြီး သင်ရိုးပိဋကတ် သုံးပုံ လုံးကို အာဂုံဆော သဘောရေးဖြေပါ ပြီးစီး အောင် မြင် တော်မူပါသဖြင့် အရိုးဝါ ကနက္ကဒဏ် ထီးဖြူ တော် သုံးလက်တံဆိပ် ပါရှိသော သာသနာ့ အောင်လံ

တော်များအပြင် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရက ဆက် ကပ် လှူဒါန်းသော ကုန်း,ရေ,လေ သုံးဌာန အခမဲ့အထက်တန်း ခရီးသွားလက်မှတ်နှင့် လစဉ် ဆွမ်းဆန် တော်တို့ကို အလှူခံရရှိတော်မူပါသည်။

### အဖအာမွေဆက်ခံခြင်း။

တတိယမြောက် ဓမ္မနာဒ ဆရာတော်ဘုရားကြီးဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တသုစိတ္တ (အဂ္ဂမဟာပဏ္ဍိတ)သည် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး ရှင်သာမဏေဘဝမှ စတင်၍ ဘဝတစ်လျှောက်လုံး သီတင်းသုံး သာသနာပြုတော်မူခဲ့သည့် မင်းကွန်းတောင်ရိုး တိပိဋက ဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီးအား ဆရာတော်ဘုရားကြီး၏ စတုတ္ထမြောက် သားရတနာဖြစ်တော်မူသော ရွှေစင်တိပိဋကရေ ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရအား ဓမ္မနာဒကျောင်းတိုက်ကြီးနှင့် ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းအရပ်ရပ်အား လွှဲအပ်ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

### အဖအာမွေ ထိန်းသိမ်းခြင်း။

ဆရာတော် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး၏ အမွေတော်များကို ဆက်လက်ထိန်းသိမ်းတော်မူလျက် တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီးအား အဆင့်အတန်းမီ စာသင်တိုက်ကြီးတစ်တိုက်ဖြစ်အောင် ကြိုးစားဆောင်ရွက်တော်မူခြင်း။

ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဆောက်လုပ်လှူဒါန်းခဲ့သည့် သာသနာပြုလုပ်ငန်းများနှင့် အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်း စောင့်ရှောက် တော်မူခြင်း။ စစ်ကိုင်း မင်းကွန်းကားလမ်း ကတ္တရာလမ်းချော့ဖြစ်အောင် စီမံဆောင်ရွက် တော်မူခြင်း ။ မင်းကွန်း တောင်ရိုးရှိ ရဟန်း သာမဏေ သီလရှင် ယောဂီသူတော်စင်တို့ ရေ ဆွမ်း လုံလောက်မှုရှိစေရန်နှင့် ကျန်းမာရေး အထောက်အပံ့ပေးနိုင်ရန်အတွက် ဆရာတော် ဘုရားကြီးအား ဉဒ္ဒိဿပူဇာအဖြစ် လှူဒါန်းနေသော "မင်းကွန်း တိပိဋကဓမ္မနာဒ ရေ ဆွမ်း ဆေး အလှူတော်မူအဖွဲ့ ကြီး" ကို ဦးစီးဆောင်ရွက်ကာ နေ့စဉ်လှူဒါန်းတော်မူခြင်း ။

ဆရာတော်ဦးဆောင်ကာ မင်းကွန်းဒေသ၌ (၁၆) ကုဋေဆန့် တိပိဋကဇီဝိတဒါန တိုင်းရင်းဆေးရုံတော်ကြီးကို ကျပ်သိန်းပေါင်း ( ၃၅၀ )ကျော် အကုန်အကျခံ၍ လှူဒါန်းတော်မူခြင်း ၊ မိမိ၏ ဇာတိရပ်ရွာ၌လည်း ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရ ပညာရေးဌာနနှင့်အတူ ကျပ်သိန်းပေါင်း ( ၁၅၀ ) ကျော် တန်ဘိုးရှိသော (၉)ခန်း (၃)ခန်း မူလတန်းကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ်လှူဒါန်းတော်မူခြင်း။

ဆရာတော်ဘုရားကြီး၏ အဓိကသာသနာပြုလုပ်ငန်းကြီးဖြစ်တော်မူသည့် တိပိဋကရေ အရှင်မြတ်များ အစဉ်အဆက်မပြတ် ပေါ်ထွက်ရေးအတွက် တိပိဋကနိကာယ စီမံအုပ်ချုပ်မှု မဟာနာယက အဖွဲ့ တွဲဘက်အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခြင်းစသည့် ဆရာတော်ဘုရားကြီး၏ သာသနာ့ အမွေများကို ဆက်လက်ထိမ်းသိမ်းကာ သာသနာပြုလျက်ရှိပါသည် ။

### ယခုလက်ရှိ သီတင်းသုံးရာဌာန

ယခုအခါ ဆရာတော်သည် စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး တိပိဋက ဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီး၌ ပဓာနနာယက ဆရာတော်အဖြစ်ဖြင့် စာချ တရားဟော စသော သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည် ။

# “ဓမ္မကျင့်၍ ဘဝမြှင့်ပါ ”

မနုဿတ္တ , ဒုလ္လဘမို့ ၊
ဘဝကောင်းမှာ , လူဖြစ်လာ၍ ၊
သာသနာနှင့် , အခွင့်သင့်၏ ။
ဆင့်ဆင့်ဘဝ , မြင့်တတ်ကြဖို့ ၊
ဓမ္မလမ်းစဉ် , ကျင့်ခွင့်ယှဉ်၏ ၊
လိုအင်ဆန္ဒ , ဝီရိယနှင့် ၊
ဉာဏထောက်ကူ , ကြိုးစားယူက ၊
နိဗ္ဗူတိုင်ဆင့်, ဘဝမြှင့်လိမ့် ။
အခွင့်ကောင်းသာ , ခုချိန်ခါဝယ် ၊
ဆရာမိဘ, မိတ်ကောင်းရ၍ ၊
ဖြူစွာ သဒ္ဓါ , စေတနာနှင့် ၊
မြတ်စွာ ဗုဒ္ဓ , ဟောညွှန်ပြသည့် ၊
ဓမ္မစွမ်းဖြင့် ဘဝမြှင့်အောင်
ဓမ္မကျင့်၍ ဘဝမြှင့်ပါ ။

**ရွှေစင်တိပိဋကဓရ မြင်းခြံဆရာတော်**
**ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ**